## ၄။ ဘူး၊ ဖရုံ ခေါင်ညွှန့်စားဖလံ

**Cucumber moth : *Diaphania indica* (Saunders, 1851)**

**Lepidoptera : Crambidae**

### ဖျက်ကောင်ပုံသဏ္ဌာန်များ




လောက်ကောင်မှာ အစိမ်းရောင်ဖြစ်ပြီး အလယ်ကျောရိုးတွင် အဖြူရောင် လိုင်း(၂)လိုင်းပါရှိသည်။ အရွက်များကြားတွင် ပိုးအိမ်ပြုလုပ်၍ ပိုးရုပ်ဖုံးပြုလုပ်သည်။ အရွယ်ရောက်အကောင်တွင် အဖြူ ရောင်သန်းသော တောင်ပံများရှိပြီး ကျယ်ပြန့်သော ညိုနက်ရောင် အနားသတ်အကွပ်ပါရှိသည်။ အမ၏ စအိုထိပ်တွင် လိမ္မော်ရောင် အမွေးများရှိသည်။

### ဖျက်ဆီးမှု လက္ခဏာများ



ခေါင်ညွှန့်စားပိုး လောက်ကောင်များသည် အရွက်၏အစိမ်းရောင်အသားကို ခြစ်ယူစားသောက် သည်။ အရွက်နုများ၊ အညွှန့်အဖူးများကို ကိုက်ဖြတ် စားသောက ဖျက်ဆီးသည်။ အရွက်များကို ခေါက်၍ ပိုးအိမ်ပြုလုပ်ကာ အတွင်းပိုင်း၌ စားသောက် ဖျက်ဆီးပြီး ပိုးရုပ်ဖုံးပြုလုပ်သည်။ အပွင့်များ၊ အဖူးများကို စားသောက်ဖျက်ဆီးခြင်း၊

ကြီးထွားနေသော အသီးများအတွင်းသို့ ထိုးဖောက်စားသောက်ဖျက်ဆီး သည်။ အရွက်များ၊ အဖူးများ၊ အပွင့်များပေါ်တွင် ၄င်းတို့ စားသောက်ဖျက်ဆီးပြီး စွန့်ထုတ်ထားသော မစင်များကို တွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | – (၄–၅)ရက် |
| လောက်ကောင်အဆင့် | – (၁၄–၁၈)ရက် |
| ရုပ်ဖုံး အဆင့် | –(၇) ရက် |
| အကောင်ကြီး အဆင့် | –(၈–၉)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) လောက်ကောင်အစောပိုင်းအဆင့်တွင် လက်ဖြင့် ကောက်ယူဖျက်ဆီးပစ်ပါ။

(၂)အပင်ခြေများကို သန့်ရှင်းစွာထားပါ။

(၃)ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း စာအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- ဆိုင်ပါမီသရင် (Cypermethrin)
- အင်ဒိုဇာကပ် (Indoxacarb)